ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၂၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၁၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ၇-၉-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင် ဖြစ်တဲ့ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ရမည်းသင်းအကျဉ်းထောင်သို့ သွားရောက်လေ့လာရန်။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။ ၎င်းအတိုင်း။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်။ ဗိုလ်မှူးနေအောင်ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးသန်းဇော်ထွန်း၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေးကိစ္စနှင့် ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပတွင် ဆေးစစ်ဆေးမှုခံယူရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၂၅)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၂၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း နှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၅)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၆)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ

ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်း သံလွင်မြစ်ရေကြီးပြီး ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ရေငန်တား တာတမံများနှင့် တိမ်ကောလာသည့် ချောင်းရိုးများအား ပြုပြင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး က မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်း သံလွင်မြစ်ရေကြီးပြီး ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ရေငန်တား တာတမံများနှင့် တိမ်ကောလာသည့် ချောင်းရိုးများအား ပြုပြင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလင်းတင်ဌေး ပဲ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ သံလွင်မြစ်ရေကြီးမှုကြောင့် တာတမံများပျက်စီးခြင်း၊ ချောင်းမြောင်းများ တိမ်ကောခြင်းတို့ကို ပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးမြန်းမှု အချိန်လုံလောက်မှုမရှိပါက အနည်းငယ်တိုးမြှင့်ပေးပါရန် ကြိုတင်မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ချောင်းဆုံမြို့နယ် ဟာဆိုလို့ရှိရင် မွန်ပြည်နယ်(၁၀)မြို့နယ်မှာ ဖွံ့ဖြိုးမှုနိမ့်ကျနေတဲ့ မြို့နယ်တစ်မြို့နယ်ပဲ ဖြစ်ပါတယ်။ အဲဒီလို ဖွံ့ဖြိုးမှုနိမ့်ကျနေတဲ့ အကြောင်းအရင်းမှာလည်း ကျွန်တော့်ရဲ့ မြို့နယ်ဟာ အခြားအခြားသော မြို့နယ်တွေနဲ့ ကုန်းချင်းချိတ်ဆက်မှုမရှိဘဲ ရေပတ်လည်ဝန်းရံထားတဲ့ ဘီလူးကျွန်းဆိုတဲ့ ကျွန်းလေး ပေါ်မှာ သီးသန့်မြို့အဖြစ် တည်ရှိနေတဲ့အတွက်ကြောင့်မို့လို့ အခုလို ဖွံ့ဖြိုးမှုနိမ့်ကျနေရခြင်းပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်မှာ လူဦးရေ (၁၅၀၀၀၀)ကျော်ခန့် နေထိုင်ပြီး လယ်ဧကပေါင်း(၆၀၀၀၀)ကျော် တည်ရှိတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်ရဲ့ မြို့နယ်အတွင်းရှိ လူဦးရေအများစုဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး အဆိုပါလယ်သမားများရဲ့ အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်မှသာ အဆိုပါ မြို့နယ်သည်လည်း အခြားမြို့နယ်နည်းတူ ဖွံ့ဖြိုးတိုးတက်လာမှာပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်ရဲ့ မြို့နယ်အတွင်းရှိ၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကုလားဘီ လယ်သမားတာ၊ ဒေါင်းရပ်အနောက် လယ်သမားတာနှင့် အဲဒီတာတွေကို သံလွင်မြစ်ရေကြီးမှုကြောင့် ရေတိုက်စားကာ မြစ်ကမ်းပါးများပြိုပြီး

ရေငန်များဝင်ရောက်တဲ့အတွက်ကြောင့်မို့လို့ တောင်သူလယ်သမားများ စိုက်ပျိုးထားတဲ့ လယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်းကို နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေရတာပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ တာတမံများကို တည်ဆောက်ပြုပြင်ပေးပါက လယ်မြေဧကပေါင်း (၂၁၅၀)ကို အကျိုးပြုနိုင်မှာပဲ ဖြစ်ပါတယ်။ အလားတူ ကျွန်တော့်ရဲ့ မြို့နယ်အတွင်းရှိ ဘိုးနက်ချောင်း၊ ကညော်ချောင်း၊ အရိုးကြီးချောင်း၊ ကျုံကဲချောင်း၊ ဘုတ်ဆုံချောင်း၊ ဒေါင်းရပ်အနောက်ချောင်းနှင့် ကုလားတို့-မုရစ်ကြီး-တကူပတီ-ဇီးကုန်းဆက်သွယ်ချောင်း တို့သည်လည်းပဲ တိမ်ကောနေပြီဖြစ်တဲ့ အတွက်ကြောင့်မို့လို့ မိုးတွင်းအချိန်ကာလတွင် တောင်ကျစမ်းရေများ စီးဆင်းတဲ့အချိန်အခါတွင် မြစ်အတွင်းသို့ လွယ်လင့်တကူ မစီးဆင်းနိုင်တဲ့အတွက်ကြောင့်မို့လို့ ရပ်ကွက်အချို့သည်လည်းပဲ နှစ်စဉ်နှစ်တိုင်း ရေကြီးနစ်မြုပ်ခြင်းနဲ့ နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ခံစားနေရတာပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ အဆိုပါချောင်းမြောင်းများကို ပြန်လည် တူးဖော် ပြုပြင်ပေးနိုင်ပါက မြေဧကပေါင်း (၇၉၃၀)ကျော်ကို အကျိုးပြုနိုင်မှာဖြစ်ပြီး ရပ်ကွက်နေ ပြည်သူအချို့လည်း ရေကြီးနစ်မြုပ်ခြင်းဒဏ်မှ လွတ်မြောက်နိုင်မှာပဲ ဖြစ်ပါတယ်။ မိဘတိုင်းဟာ သားသမီးများ ကောင်းစားတာကို မြင်ချင်ကြသလို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးသည်လည်း လယ်သမားရဲ့ အကျိုးစီးပွားကို ဖြစ်ထွန်းအောင်၊ အကျိုးရှိအောင် မြင်ချင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ချောင်း၊ ဘုတ်ဆုံချောင်း၊ ကညော်ချောင်း၊ အရိုးကြီးချောင်းနှင့် ကုလားဘီ လယ်သမားတာတမံတို့ကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုသည့် မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။(သြဘာသံများ)

**မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ စမာရေလွှဲဆည်မှ စမာရေပေးမြောင်း ဖောက်လုပ်ရာတွင် မြေယာဆုံးရှုံးခဲ့သည့် တောင်သူ(၆၀)ဦး၏ စိုက်ပျိုးမြေ (၇၅)ဧကအတွက် နစ်နာကြေးနှင့် လျော်ကြေးငွေများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်အုန်းကြည် က မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ စမာရေလွှဲဆည်မှ စမာရေပေးမြောင်း ဖောက်လုပ်ရာတွင် မြေယာဆုံးရှုံးခဲ့သည့် တောင်သူ(၆၀)ဦး၏ စိုက်ပျိုးမြေ (၇၅)ဧကအတွက် နစ်နာကြေးနှင့် လျော်ကြေး ငွေများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါ်အုန်းကြည်(ခ) ဒေါ်လှဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ပဏာမ ဂါရဝနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ ကျွန်မ ဒီနေ့ မေးမြန်းလိုတာကတော့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သား

မြို့နယ်၊ စမာရေလွှဲဆည်မှ စမာရေပေးမြောင်းဖောက်ရာမှာ သိမ်းဆည်းခံမြေများအတွက် တောင်သူများအား နစ်နာကြေး နှင့် လျော်ကြေးငွေများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်ရှင်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးရှင်။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ပန်းလောင်မြစ်ပေါ်မှာ ရေလွှဲဆည်တစ်ခု တည်ဆောက်ပြီးတော့ ကျီးမဲဆည်ကထွက်ရှိတဲ့ စမာရေပေးမြောင်းအတွင်းကို ရေကူဖြည့်ပေးရန်အတွက် စမာရေလွှဲဆည်ကို ၁၉၉၇-၁၉၉၈ ခုနှစ်မှာ တည်ဆောက်ခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်မှာ စမာရေသောက်ဧရိယာမှာ ပါဝင်တဲ့ ဘူတာ၊ ယွေး၊ ကင်းစိန်ဈေး၊ ပေါက်မြိုင်၊ ကျွဲဆွဲ ရပ်/ကျေး(၅)ရွာမှ တောင်သူ(၆၀)ဦးရဲ့ ကွင်းအမှတ် ၄၈၆၊ ၄၈၅၊ ၄၇၅(က)၊ ၄၃၃/၄၂၉ မှာရှိတဲ့ စိုက်ပျိုးလယ်မြေ(၇၅)ဧကဟာ စမာဒုတိယရေပေးမြောင်းနှင့် တတိယရေပေးမြောင်းဖောက်လုပ်ရာမှာ ပါဝင်ဆုံးရှုံးခဲ့ပါတယ်။

အဲဒီလို မဖောက်လုပ်ခင်က တောင်သူများဟာ စပါးစိုက်ပျိုးတဲ့မြေများ ဖြစ်ပါတယ်ရှင်။ ၃၀-၅-၂၀၁၆ ရက်နေ့တုန်းက ဒီတောင်သူ(၆၀)ဟာ မန္တလေးတိုင်းဒေသကြီး၊ မြေယာအသုံးချစီမံခန့်ခွဲရေးကော်မတီမှာ သူတို့ရဲ့မြေတွေကို နစ်နာကြေးရဖို့အတွက် တင်ပြတဲ့အခါမှာ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးတွေရဲ့ ထောက်ခံစာရယ်၊ မြေယာနှင့် စာရင်းအင်းဦးစီးဌာနတွေရဲ့ ထောက်ခံစာနဲ့ ပူးတွဲတင်ပြခဲ့ပါတယ်။ ရရှိခြင်းမရှိသေးတဲ့အတွက် တောင်သူများရဲ့ ကိုယ်စားတင်ပြရခြင်း ဖြစ်ပါတယ်။

အသေးစိတ်တွက်ချက်မှုအရတော့ ကျေးရွာ(၅)ရွာမှ တောင်သူ(၆၀)ရဲ့ ဆုံးရှုံးဧရိယာလယ်မြေ(၇၅)ဧကအတွက် နစ်နာကြေး (၁)ဧက၊ (၆)သိန်းနှုန်းနဲ့ စုစုပေါင်း(၄၅၀)သိန်း၊ သီးနှံလျော်ကြေးလယ်မြေ(၁)ဧကကို (၁၉၇၀၀၀) ကျပ်နှုန်းနဲ့ (၁၄၇၇၅၀၀၀)ကျပ် စုစုပေါင်း (၅၉၇၇၅၀၀၀)ကျပ်ကို တွက်ချက်ဖော်ပြထားပါတယ်။ အသေးစိတ်တွက်ချက်မှုကိုတော့ အချိန်လေးစားသောအားဖြင့် တင်ပြခြင်းမရှိဘဲနှင့် တင်ပြလွှာမှာ ပူးတွဲတင်ပြထားပြီး ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ မေးမြန်းလိုတာကတော့ ဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ စမာရေလွှဲဆည်မှ စမာရေပေးမြောင်း ဖောက်လုပ်ရာတွင် မြေယာဆုံးရှုံးခဲ့သည့် တောင်သူ(၆၀)ဦး၏ စိုက်ပျိုးမြေ(၇၅)ဧကအတွက် နစ်နာကြေးနှင့် လျော်ကြေးငွေများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်

ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ အတွက်ကို မေးထားတဲ့ မေးခွန်းနှစ်ခုနှင့် ပတ်သက်ပြီးတော့ ဖြေကြားဖို့ ရောက်ရှိနေတဲ့ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီကနေ့ မေးထားတဲ့ ပထမမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ် အမှတ်(၄) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကုလားဘီကျေးရွာရှိ ကုလားဘီလယ်သမားတာ၊ ဒေါင်းရပ်အနောက်ကျေးရွာရှိ ရိုန်းရိုင်လယ်သမားတာနှင့် ကျွဲကူး လယ်သမားတာများမှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်း ထားသော တာများမဟုတ်ဘဲ ဒေသမှ တည်ဆောက်ထိန်းသိမ်းထားသော ရေငန်တားတာများ ဖြစ်ပါသည်။ ဒေသအနေဖြင့် ပြုပြင်ထိန်းသိမ်းနိုင်မှု အားနည်းသောကြောင့် တာပေါင်များ နိမ့်ကျ ပျက်စီးလျက်ရှိပြီး မိုးရာသီတွင် သံလွင်မြစ်ရေလျှံတက်ပြီး ရေငန်ဝင်ရောက်မှုကြောင့် လယ်မြေ (၁၅၅၀)ဧကခန့်မှာ သီးနှံများ ထိခိုက်ပျက်စီးစေလျက်ရှိပါသည်။

ထို့အပြင် အထက်ပါရေငန်တားတာများနှင့် ဆက်စပ်လျက်ရှိသော သဘာဝရေနုတ်မြောင်း များဖြစ်သည့် ဘိုးနက်ချောင်း၊ ကညော်ချောင်း၊ အရိုးကြီးချောင်း၊ ကျုံကဲချောင်း၊ ဘုတ်ဆုံချောင်းနှင့် ကုလားတို့ - မုရစ်ကြီး - တကူပတီ - ဇီးကုန်းဆက်သွယ်ချောင်း စသည့် ရေနုတ်မြောင်း(၆)ခုမှာလည်း သဲနုန်းများပို့ချပြီး တိမ်ကောကာ မိုးရာသီတွင် ကွင်းရေများကို ထုတ်နုတ်နိုင်မှုမရှိခြင်းကြောင့် လယ်မြေ(၇၉၃၀)ဧကခန့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်လျက်ရှိပါသည်။

အဆိုပါ ရေငန်တားတာ(၃)ခုနှင့် ဆက်စပ်ရေနုတ်မြောင်း(၆)ခုအား ပြုပြင်ဆောင်ရွက်နိုင်ခြင်း ဖြင့် လယ်မြေ(၉၄၈၀)ဧကခန့်ကို အကျိုးပြုစေနိုင်မည်ဖြစ်သဖြင့် ဆောင်ရွက်ပေးသင့်သော လုပ်ငန်းများ ဖြစ်ပါသည်။ ရေငန်တားတာ(၃)ခုပြုပြင်ခြင်း စုစုပေါင်းအလျား(၂၀၀၀၀)ပေခန့် ဆောင်ရွက်ရန် အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၁၀၃.၁)သန်းနှင့် ရေနုတ်မြောင်း(၆)ခု တူးဖော်ခြင်း စုစုပေါင်း အလျား(၄၆၅၀၀)ပေခန့် ဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း(၁၄၂.၉)သန်း စုစုပေါင်း ကျပ်သန်း(၂၄၆)သန်း လိုအပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ရန်ပုံငွေကျပ်သန်း (၂၄၆)သန်းမှာ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ မူလခွင့်ပြုရန်ပုံငွေတွင် လျာထားပါဝင်ခြင်းမရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်အခြေခံပြီးတော့ လုပ်ငန်းများ ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားရင်းနှင့် ဝန်ကြီးဌာနရဲ့ ပေါင်းစပ် ဖြေကြားမှုနဲ့အတူ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်အုန်းကြည် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ စမာရေလွှဲဆည်မှ စမာရေပေးမြောင်း ဖောက်လုပ်ရာတွင် သိမ်းဆည်းခံမြေများ အတွက် တောင်သူများ နစ်နာကြေးနှင့် လျော်ကြေးငွေများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းပေါ်မှာ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ပန်းလောင်မြစ်ပေါ်မှာ

တည်ရှိတဲ့ စမာရေလွှဲဆည်မှာ ပန်းလောင်မြစ်အထက်ဘက်မှာ တည်ဆောက်ထားပြီးတော့ ကင်းတား ရေလျှောင်တမံနှင့် ရေလွှဲဆည်အဆင့်ဆင့်မှ ပိုလျှံသောရေများကို ထပ်မံစုဆောင်းသိုလှောင်ပြီးတော့ ကျီးမဲရေလွှဲဆည်၏ ရေသောက်ဧရိယာများသို့ ပေးဝေနိုင်ရန်နှင့် လယ်မြေ(၁၈၀၀)ဧကခန့်အား ပိုမို တိုးချဲ့ပြီးတော့ ရေပေးဝေနိုင်ရန် တည်ဆောက်ထားခဲ့ခြင်း ဖြစ်ပါသည်။ စမာရေလွှဲဆည်နှင့်အတူ စမာ ဒုတိယရေပေးမြောင်းနှင့် စမာတတိယရေပေးမြောင်းကိုလည်း တစ်ဆက်တည်းတူးဖော်ဆောင်ရွက် ခဲ့သဖြင့် အဆိုပါ စမာရေပေးမြောင်းများ ဖောက်လုပ်ခဲ့သည့် ဧရိယာနှင့် မလွတ်ကင်းသော လယ်ယာ မြေများ ထိခိုက်ခဲ့ရခြင်းဖြစ်ပါသည်။

သို့ပါ၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မန္တလေးတိုင်းဒေသကြီးအစိုးရရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် ဒီ ကျွန်တော်တို့ ဝန်ကြီးဌာန အနေ ဖြင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပြီးတဲ့နောက်မှာ ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် နစ်နာ ဆုံးရှုံးမှုများ မရှိစေရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စမာ ရေပေးမြောင်းများ ဖောက်လုပ်ခဲ့သည့် အချိန်ကာလမှာ ၁၉၉၇-၁၉၉၈ ခုနှစ်၊ ကာလခန့်ကဖြစ်သဖြင့် ဒေသအာဏာပိုင်များ၏ခွင့်ပြုချက်နှင့် ထိုစဉ်က လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေရယူ ဆောင်ရွက် ခဲ့မှုဖြစ်ခြင်း၊ စီမံကိန်းလုပ်ငန်းများမှာလည်း ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အခြေခံ အဆောက်အအုံများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများ ဖြစ်ခဲ့ခြင်း တို့ကြောင့် နစ်နာဆုံးရှုံးမှုများကို ပြန်လည်ဖြေရှင်း ဆောင်ရွက်ရမည်ဆိုပါက နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးများစွာ ဖြစ်စေနိုင်မည် ဖြစ်သည့်အတွက် နစ်နာကြေး ထောက်ပံ့ပေးရန် အစီအစဉ် မရှိပါကြောင်းနဲ့ မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြား အပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေး တို့ကို အထူးစီမံကိန်း ချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် တင်သွင်းသည့် တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်း သားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၂၄။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၂) မဲဆန္ဒနယ်မြေက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ်မြေက ဦးခင်အောင်မြင့် တင်သွင်းတဲ့ တိုင်းရင်းသား မျိုးနွယ်စုများရဲ့ ပညာရေးနဲ့ပတ်သက်တဲ့ အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုမှာ အပိုင်း(၃)ပိုင်း ပါဝင်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုတွေအတွက် (၁) စာမတတ်သူပပျောက်ရေး၊ (၂) အဆင့်မြင့်ပညာ သင်ကြားနိုင်ရေးနှင့် (၃)တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရေးတို့ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ တိုင်းရင်းသား မျိုးနွယ်စုတွေအတွက် စာမတတ်သူပပျောက်ရေးနဲ့ တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို ဇောင်းပေးပြီးတော့ ဆွေးနွေး သွားပါ့မယ်။ အဆိုရှင်က အထူးသဖြင့် နယ်စပ်ဒေသတွေမှာ အိမ်နီးချင်းနိုင်ငံတွေရဲ့ လွှမ်းမိုးမှုကို ခံနေရခြင်းဟာ မိမိနိုင်ငံရဲ့ လုံခြုံရေးကို တစိမ့်စိမ့်ထိပါးနေခြင်းဖြစ်ကြောင်းတင်ပြသွားပါတယ်။ မှန်ပါတယ်။ ယနေ့ “ဝ”ဒေသ၊ ကိုးကန့်ဒေသ၊ မိုင်းလားဒေသတွေမှာ တရုတ်ပိုက်ဆံသုံး၊ တရုတ်စကားပြော၊ တရုတ်စာကို ရေးဖတ်သင်နေကြတာ အားလုံးပဲအသိပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကမ္ဘာမှာ လူသားမျိုးနွယ်စု အငယ်လေးတွေ ဟာအရှိန်အဟုန်နဲ့ကို ပျောက်ကွယ်နေကြပါတယ်။ လူဦးရေနည်းပါးခြင်း၊ ပညာချို့တဲ့ခြင်း၊ မဖွံ့ဖြိုးခြင်း၊ ဆင်းရဲခြင်း စတာတွေကြောင့်ပါ။ အမြန်ဆုံးပျောက်ကွယ်သွားတာတော့ သူတို့ရဲ့ဘာသာစကားတွေပါပဲ။ တစ်နှစ်တစ်နှစ်ကို ကမ္ဘာ့ဘာသာစကားငယ်လေးပေါင်း(၁၀၀)လောက် ပျောက်ကွယ်နေတယ်လို့ သုတေသနစစ်တမ်းတွေကဆိုပါတယ်။ ကမ္ဘာမှာ ဘာသာစကားကြီး(၅)မျိုးက လွှမ်းမိုးလို့ ဘာသာ စကားငယ်လေးတွေ တဖြည်းဖြည်းဝါးမျိုခံရကာ၊ မှေးမှိန်ပျောက်ကွယ်နေရတယ်လို့ဆိုပါတယ်။ အဲဒီ လွှမ်းမိုးတဲ့ ဘာသာစကားကြီးတွေကတော့ အင်္ဂလိပ်၊ ရုရှား၊ အာရေဗျ၊ တရုတ်နဲ့ ဟိန္ဒီဘာသာ စကားကြီးတွေပါ။ ကျွန်တော်တို့နိုင်ငံဟာ လူဦးရေ သန်းထောင်ချီရှိနေတဲ့ အဲဒီ တရုတ်စကား ပြောတဲ့ တရုတ်နိုင်ငံနဲ့ ဟိန္ဒီ စကားပြောတဲ့ အိန္ဒိယ နိုင်ငံကြီးတို့နဲ့ နယ်နိမိတ်ချင်း ရှည်လျားစွာထိစပ်နေတဲ့ နိုင်ငံ ဖြစ်ပါတယ်။ လူမျိုးစုငယ်ပေါင်း (၁၀၀)ကျော်ရှိတဲ့နိုင်ငံပါ။ တဖြည်းဖြည်းနဲ့ ဝါးမျိုသိမ်းသွင်းခံနိုင်ရတဲ့ အန္တရာယ်ဘယ်လောက်ကြီးတယ်ဆိုတာ မြင်သာပါတယ်။ ရှေ့မှာလည်း တိဗက်နိုင်ငံက နမူနာရှိပါ တယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်ချဲ့အင်္ဂလိပ်ဆီကနေ လွတ်လပ်ရေးကို တိုင်းရင်းသားတွေနဲ့အတူ ပေါင်းစည်းယူကြမယ် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် အတူတကွ အညီအမျှ တို့တွေလက်တွဲနေထိုင်ကြမယ်ဆိုပြီး သဘောတူချုပ်ဆိုခဲ့ကြတဲ့ ပင်လုံစာချုပ်ကြီးရဲ့ အပိုဒ် ၇ မှာ နယ်စပ်ဒေသနေ တိုင်းရင်းသားအားလုံးကို ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝရရှိစေရမည် ဆိုတဲ့အချက် အသေအချာပါ ပါတယ်။ ကျွန်တော်တို့ဟာ ပေးထားတဲ့ကတိကိုတည်တယ်။ အားနည်းသူကို အမြဲဖေးကူတဲ့ မြင့်မြတ်တဲ့ နိုင်ငံကြီးသားစိတ်ဓာတ်ရှိတယ်ဆိုတာကို ပြသဖို့လိုပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာလည်း တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးရမည်လို့ အတိအလင်းပါ ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ အိမ်နီးချင်းဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြည့်မယ်ဆိုရင် လူနည်းစု တိုင်းရင်းသားဘာသာစကားတစ်ခုခုပြောကြားတဲ့ ကလေးသူငယ်တွေဟာ မူလတန်းပညာသင်ယူတဲ့အခါမှာ မိမိတို့နဲ့သက်ဆိုင်တဲ့ဘာသာစကားကို အခြေခံသင်ယူနိုင်အောင် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ပေးရမည်လို့ တိတိကျကျပြဋ္ဌာန်းပေးထားပါတယ်။ ယနေ့ အိန္ဒိယ နိုင်ငံစာသင်ကျောင်းတွေမှာ ပဉ္စမတန်းကနေ နဝမတန်းအထိ ဟိန္ဒီအင်္ဂလိပ်နဲ့ တတိယ တိုင်းရင်းသား ဘာသာစကားတစ်ခုကို ပူးတွဲပြီးတော့ သင်ယူကြရပါတယ်။ သူတို့လိုပဲ ကျွန်တော်တို့လည်း ကိုယ့်သွေးချင်း၊ တိုင်းရင်းသားတွေရဲ့ ဘာသာစာပေတွေကို ထိန်းသိမ်းကာကွယ်ပေးပြီးတော့ စဉ်ဆက်မပြတ် အားပေး မြှင့်တင်ပေးဖို့ အထူးလိုအပ်ပါတယ်။ ကနေ့ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၃-၂၀၁၄ ခုနှစ်ကစပြီးတော့ တိုင်းရင်းသားစာပေအချို့ကို ကျောင်းချိန်ပြင်ပမှာ သင်ကြားခွင့်ပေးပါတယ်။ ပညာရေးဝန်ကြီးဌာန ကနေပြီးတော့မှ တိုင်းရင်းသားစာပေနှင့်ပတ်သက်တဲ့ ဖတ်စာအုပ်အချို့ကို ပုံနှိပ်ဖြန့်ဝေ ပေးတဲ့နေရာမှာ ရှမ်းစာပေဖတ်စာအုပ်တွေဆိုရင် အရင်နှစ်တွေက Four Colour နဲ့ ရောင်စုံနှိပ်ပြီးတော့ ဒီနှစ်ကျမှ အဖြူအမည်းနဲ့ လျှော့ချပုံနှိပ်ပေးနေတာကိုလည်း တွေ့ရပါတယ်။ ဒါမျိုးတွေဟာ မဖြစ်သင့်တဲ့ကိစ္စတွေပါ။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားမျိုးနွယ်စုတွေအတွက် စာမတတ်သူ ပပျောက်ရေးဆိုတဲ့အချက်ကို အကောင်အထည်ဖော်ဖို့ဆိုရင်လည်း တိုင်းရင်းသားတွေကို သူတို့ရဲ့ မိခင်တိုင်းရင်းသားဘာသာစကားနဲ့ စပြီး သင်ကြားခွင့်ရအောင် လုပ်ပေးသင့်ပါတယ်။ ဒီလို သင်ကြားခွင့် ရရင် တိုင်းရင်းသားကလေးငယ်တွေဟာ စာသင်ရတာပိုလွယ်ကူ၊ ပိုစိတ်ပျော်ပြီး စာတတ် မြောက်မှုနှုန်း လည်း များလာပါမယ်။ နောက်မှ တဖြည်းဖြည်းနဲ့ ဗမာစာ၊ အင်္ဂလိပ်စာတို့လိုဟာမျိုးကို တိုးမြှင့် သင်ကြားပေးရင် ပိုပြီးတော့အဆင်ပြေပါလိမ့်မယ်။ အထူးသဖြင့် ဝေးလံသီခေါင်ပြီးတော့ ဗမာစကား လုံးဝမတတ်တဲ့ ဒေသတွေမှာ သူတို့မိခင်တိုင်းရင်းသားဘာသာစကားနဲ့ စသင်ကြားခွင့်ရဖို့ ပိုပြီး လိုအပ်ပါတယ်။ သူတို့စာ၊ သူတို့စကားတွေ ဖွံ့ဖြိုးတိုးတက်ပြီး စကားမပျောက်၊ စာမပျောက်ရင် လူမျိုး လည်း မပျောက်ပျက်ဘဲ တည်တံ့ခိုင်မြဲနိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ အဲလို သက်ဆိုင်ရာမျိုးနွယ်စုအလိုက် မိမိဘာသာစာပေတွေကို လွတ်လပ်စွာလေ့လာသင်ကြားနိုင်ခွင့်ရှိရင် အခြေခံမှသည် အဆင့်မြင့်ပညာတွေအထိ တက်လှမ်းအသိပညာပြည့်ဝတဲ့ လူသားတွေဖြစ်လာပြီးတော့ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုတာလည်း အလိုလိုဖြစ်ထွန်းလာမှာပါ။ အသိဉာဏ်ပညာဦးဆောင်တဲ့ နိုင်ငံချစ်စိတ်တွေ၊ မျိုးချစ်စိတ်တွေ၊ ဒီမိုကရေစီကို မြတ်နိုးတဲ့စိတ်တွေ မြဲမြံတိုးပွားခိုင်မာလာမှာပါ။ ဉာဏ်ပညာကြောင့် အချင်းချင်းကြားမှာ နားလည်မှုပိုရနိုင်ပြီးတော့ စည်းလုံးညီညွတ်မှုကို ပိုတည် ဆောက်နိုင်မှာပါ။ ကျွန်တော်တို့နိုင်ငံဟာ ပထဝီအနေအထားအရ လူမျိုးကြီး၊ နိုင်ငံကြီး နှစ်ခုအကြားမှာ ညှပ်နေပြီးတော့ အမြဲသတိထား စည်းလုံးညီညွတ်နေရမယ့် နိုင်ငံမျိုးပါ။ ကျွန်တော်တို့ တိုင်းရင်းသား ညီနောင်သွေးချင်းတွေကြားမှာ ရေပက်မဝင်အောင် စည်းလုံးညီညွတ်မှုမျိုးကို အသိဉာဏ်ပညာ ဦးစီး တည်ဆောက်နိုင်ပြီးတော့ တက်ညီလက်ညီသာ အားမာန်အပြည့်နဲ့ ကျွန်တော်တို့ လုပ်ကိုင်လိုက်ရရင် အချိန်တိုအတွင်းမှာ ထည်ဝါတဲ့ တကယ့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး မုချဖြစ်လာမှာပါ။

ဒါကြောင့် ဦးခင်အောင်မြင့် ရဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေအတွက် စာမတတ်သူပပျောက် ရေး၊ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်း

ချမှတ်၍ စဥ်ဆက်မပြတ်အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကြိုဆိုဆွေးနွေးပါတယ်။ လေးစားအပ်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာ့မြေရောင်စုံပန်းခင်းကြီးထဲမှ ပန်းတိုင်းပွင့်ပါစေ။ ပွင့်သောပန်းတိုင်းကိုလည်း လန်းဆန်းအောင်၊ မွှေးမြအောင် ကျွန်တော်တို့အားလုံးက ဝိုင်းဝန်းကြိုးစားပေးကြပါလို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

တိုင်းရင်းသားကလေးငယ်များအား စာသင်ကြားနေသော မြင်ကွင်းပုံ (ဖ)




တိုင်းရင်းသားကလေးငယ်များ ၏ မြင်ကွင်းပုံ (ဖ-၁)



တိုင်းရင်းသားလူမျိုးစုများ မြင်ကွင်းပုံ (၈-၂)



**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၀။**

**ဦးဇေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇေ့တင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်မြင့် တင်သွင်းသော တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနဲ့တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဥ်ဆက်မပြတ်မြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားပေါင်းစုံ အတူယှဥ်တွဲ ဥမကွဲ၊ သိုက်မပျက် နေထိုင်သော နိုင်ငံဖြစ်ပါတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့်လူမျိုးအသီးသီးတို့တွင် ကိုယ်ပိုင်စာပေ၊ ယဥ်ကျေးမှု၊ ဓလေ့ထုံးတမ်းများရှိကြပါတယ်။ လူမျိုးတိုင်း မိမိစာပေ၊ ယဥ်ကျေးမှု၊ ဓလေ့များကို တန်ဖိုးထားကြပါတယ်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း(၁၃၅)မျိုးရှိကြောင်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မိမိတို့ ချင်းမျိုးနွယ်စုများ၏ အခန်းကဏ္ဍကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်းရှိ လူမျိုးစုထဲများတွင် ချင်းမျိုးနွယ်စုသည် (၅၃)မျိုးရှိပြီး အများဆုံးဖြစ်ပါတယ်။ မိမိတို့ချင်းပြည်နယ်တွင် ဒီလိုလူမျိုးစု များပြားရခြင်းသည် တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်ဆံရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ဒေသစွဲရှိခြင်း၊ စာပေအခြေခံ နည်းပါးခြင်း၊ ဘာသာစကားကွဲပြားခြင်း စသည်ကြောင့်ဖြစ်ပါလိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများ

စာမတတ်သူပပျောက်ရေးကို ယခင်ကောင်စီအစိုးရလက်ထက်တွင် "အ"သုံးလုံး၊ အရေး၊ အဖတ် အတွက်ကို အစိုးရမှ စီမံကိန်းတစ်ရပ်ချ၍ မိမိတို့ချင်းပြည်နယ်တွင်သာမက မြန်မာတစ်နိုင်ငံလုံး စာတတ်မြောက်ရေး အတွက် ဆောင်ရွက်ခဲ့ဖူးပါသည်။ ယနေ့ခေတ်တွင် နည်းပညာပိုင်းဆိုင်ရာများ တစ်နေ့ ထက်တစ်နေ့ တိုးတက်လာသည်နှင့်အမျှ ခေတ်နောက်ကျနေသော မိမိတို့ ချင်းပြည်နယ်တွင် စာမတတ်သူ အများအပြား ရှိနေတာကို တွေ့ရှိနေရတုန်းဖြစ်ပါသည်။ ဒါသည်ပင်လျှင် ချင်းပြည်နယ်ကို အဆင်းရဲဆုံး ပြည်နယ် အဖြစ်သို့ တွန်းပို့နေတာနှင့်မခြားနားပင် ဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ချင်းပြည်နယ်တွင် အဆင့်မြင့် ပညာများသင်ကြားနိုင်ရန် တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာတက္ကသိုလ်များလည်း မရှိသည့်အပြင် အစိုးရစက်မှုလက်မှုကျောင်းများလည်း မရှိသလောက်ပင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရမှ ချမှတ်တဲ့ မူအရ လူဦးရေမပြည့်မီလို့ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ စက်မှုလက်မှုကျောင်းများ မပေးစတမ်းဆိုရင် ဝေးလံခေါင်သီလွန်းတဲ့ချင်းပြည်နယ်အပါအဝင် အခြားဒေသတစ်ခွင်လုံး ဘာတစ်ခုမှ ရတော့မှာမဟုတ်ဘူးလို့တောင် ပြောရမလိုဖြစ်နေပါတယ်။ အစိုးရခေတ် အဆက်ဆက် ဝေးလံခေါင်သီတဲ့ တိုင်းရင်းသားနယ်မြေတွေမှာ ပြည်မနဲ့ တန်းတူမပေးနိုင်တာ ဘာကြောင့်လဲဆိုတာ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ တိုင်းရင်းသားနယ်မြေတွေမှာ ရှိသော ပြည်သူများသည်လည်း မြန်မာနိုင်ငံသားပင် ဖြစ်သည့်အတွက် တမင်တကာချန်လှပ်ထားတာမျိုး၊ အလေးမထားတာမျိုး၊ ဒီနေ့လို ပြည်သူလူထု ရွေးချယ်သော အစိုးရလက်ထက်မှာ စဥ်းစားဆင်ခြင်ဖို့ ဖြစ်ပါတယ်။

ထူးခြားသောအခြေအနေ နေရာဒေသမှာဆိုရင် ပြည်မ၊ တောင်တန်းမခွဲခြားဘဲ အတူတူ ပေးနိုင်ဖို့လိုအပ်ပါတယ်။ ဒီလိုမျိုး ပြည်မ၊ တောင်တန်းမခွဲခြားဘဲ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို တစ်ပြေးညီပေးမှသာလျှင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဒီမိုကရေစီမြတ်နိုးစိတ်၊ တိုင်းရင်းသား အချင်းချင်းလေးစားချစ်ခင်စိတ်၊ မိသားစုစိတ် ဆိုတာ ရေရှည်တည်တံ့ခိုင်မြဲပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာယာဝပြောလာမှာ အမှန်ပင် ဖြစ်ပါသည်။၁၉၄၇ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ရေးဆွဲထားသော ပင်လုံစာချုပ်၊ စာပိုဒ်(၇)တွင်လည်း နယ်စပ်ဒေသများ၏ နယ်သူနယ်သား တို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများ အဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးများကို ခံစားနိုင်ခွင့်ရှိစေရမည်ဟု အတိအလင်း ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။ ပညာတတ်တွေများများ ရှိမှလည်း လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက် လာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားမျိုးနွယ်စုတိုင်းမှာ ကိုယ့်စာပေ ထွန်းကားရေးကို အထူးလိုလားကြတာပဲဖြစ်ပါတယ်။ မိမိတို့ချင်းပြည်နယ်တွင် မျိုးတူအုပ်စုများခွဲ၍ ချင်းစာပေများ သင်ကြားတာကို တွေ့ရှိရပါတယ်။ အခြားတိုင်းရင်းသားလူမျိုးများသည်လည်း မိမိတို့ စာပေများကို သင်ကြားလျက်ရှိကြောင်း သိရှိရပါတယ်။ ဒီလိုစာပေများ သင်ကြားရာမှာလည်း မျိုးနွယ်စု အလိုက် မိမိတို့စာပေကို ကျွမ်းကျင်သော သီးသန့်ဝန်ထမ်းများ ခန့်အပ်နိုင်ဖို့ နိုင်ငံတော်အစိုးရမှ ဆောလျင်စွာ ဆောင်ရွက်သင့်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုများရှိသည့် ဝေးလံခေါင်းပါးသော မြို့ရွာများတွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အခြား ပြည်မနည်းတူ ဖွံ့ဖြိုးတိုးတက်လိုသော ဆန္ဒပင်ဖြစ်ပါသည်။ သို့မှသာ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဟူသော အရာသည် ခိုင်မြဲမည် ဖြစ်ပါသည်။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ (ဃ)တွင် တိုင်းရင်းသားလူမျိုးနွယ်

တစ်မျိုး၊ သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ၊ သာသနာကို လည်းကောင်း၊ ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသောစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု အတိအလင်း ရေးဆွဲထားပြီးဖြစ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြရမည်ဆိုလျှင် မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အိမ်နီးချင်း အာဆီယံနိုင်ငံများထက် အစစအရာရာ နိမ့်ကျနေပုံကလည်း ယခုပြည်သူလူထုရွေးချယ်သော အစိုးရလက်ထက်မှာ ပြည်မ၊ တောင်တန်း မခွဲခြားဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် တစ်ဟုန်ထိုး ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ (LDC - Least Development Country) ဖွံ့ဖြိုးတိုးတက်မှုအနိမ့်ဆုံးတိုင်းပြည်ဆိုသော စကားရပ်ကို လက်ရှိအစိုးရသစ်လက်ထက်မှာ ချေဖျက်နိုင်မည်ဖြစ်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၈ တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်လို့ အတိအလင်းရေးဆွဲထားပါသည်။ သို့ပါသောကြောင့် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်မြင့် တင်သွင်းသော တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါသည်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်ကျန်းမာကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် ရဲ့ အဆိုကို ပညာရေးရှုထောင့်မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုများအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝရခိုင်မြဲရေးအတွက် ရည်ရွယ်သောအဆိုဖြစ်ကြောင်း ပညာရေးကဏ္ဍအတွက် အဆိုထက် အမျိုးသားနိုင်ငံရေးဆိုင်ရာအဆို၊ ပြည်တွင်းငြိမ်းချမ်းရေး ထာဝရတည်မြဲရေးဆိုင်ရာ အဆိုဖြစ်တယ်လို့ အဆိုရှင်က ပြောပါတယ်။

အမျိုးသားနိုင်ငံရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ထာဝရခိုင်မြဲရေးတို့ဟာ ပညာရေးကိုပဲ အခြေခံတာဖြစ်တယ်လို့ ကျွန်တော့်အမြင်ကို တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကမ္ဘာကြီးကို ပြောင်းလဲဖို့အတွက် အင်အားအကြီးမားဆုံးလက်နက်ဟာ ပညာရေးဖြစ်တယ်လို့ တောင်အာဖရိက

ခေါင်းဆောင် မင်ဒဲလ်လား က ပြောပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပါတယ်။ ဒီမိုကရေစီစနစ်မှာ ဒီမိုကရေစီနိုင်ငံသားများသာ အသိနှင့်အတတ်ပညာကင်းမဲ့ခဲ့ပါလျှင် လူရိုင်းလက်ကျောက်ကောင်းရောက်ဆိုသလို ကြီးပွားတိုးတက်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီမိုကရေစီအစိုးရ၏ အဓိကကြီးမားသောတာဝန်သည် အရေးအရာအားလုံး၏ အခြေခံဖြစ်သော အသိပညာ၊ အတတ်ပညာကို ပြည်သူအများ တောင်ပေါ်နေ ဝေးလံခေါင်သီတဲ့ တောကြိုတောင်ကြား ဟိုတစ်စု၊ ဒီတစ်စု စုပေါင်းနေထိုင်တဲ့ တိုင်းရင်းသားများပါမကျန် စာတတ်မြောက်ဖို့ပဲ ဖြစ်ပါတယ်။

အဆိုပထမပိုင်းက တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး ဖြစ်ပါတယ်။ ၁၉၃၁ မြန်မာနိုင်ငံ မြို့ပြဝန်ထမ်း မစ္စတာဂျီအက်ဖာနီတယ် ရဲ့ အစီရင်ခံစာတစ်ခုမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀)က ကိုယ့်မင်းကိုယ့်ချင်းအဖြစ်ရပ်တည်ခဲ့တဲ့ မြန်မာနိုင်ငံမှာ စာတတ်မြောက်မှု မြင့်မားခဲ့ကြောင်း၊ စာတတ်မြောက်မှုအချိုးအစားသည် ထိုစဉ်အခါက အင်္ဂလိပ်တို့ထက်ပင် သာလွန်သည်ဟုဆိုနိုင်ကြောင်း၊ ထိုခေတ်ထိုအချိန် မြန်မာနိုင်ငံ ပညာရေးသည် အရှေ့တောင်အာရှ နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သာလွန်ကြောင်း၊ စာတတ်မြောက်မှုနှုန်းသည် အနီးအနားအာရှနိုင်ငံ များထက်ပင် သာလွန်ကြောင်း အစီရင်ခံစာမှာပါရှိပါတယ်။ အသိပညာ၊ အတတ်ပညာ မြင့်မားကာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ တစ်စုတစ်စည်းတည်း တည်ဆောက်နိုင်ခဲ့လို့ အိမ်နီးချင်းနိုင်ငံများကပါ လေးစားအထင်ကြီးခဲ့တဲ့ နိုင်ငံတော်ကြီးများအဖြစ် ပုဂံခေတ်၊ အနော်ရထာမင်းလက်ထက် ပထမမြန်မာနိုင်ငံတော်ကြီး၊ တောင်ငူခေတ်၊ ဘုရင့်နောင်ကျော်ထင်နော်ရထာလက်ထက် ဒုတိယမြန်မာနိုင်ငံတော်ကြီး၊ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီးရဲ့ တတိယမြန်မာနိုင်ငံတော်ကြီးရယ်လို့ သမိုင်းသက်သေအထောက်အထားရှိပြီး ဖြစ်ပါတယ်။ မြန်မာမင်းများလက်ထက် စာရေးစာဖတ်ကျွမ်းကျင် တတ်မြောက်မှုဟာ (၈၅)ရာခိုင်နှုန်း ရှိရာမှ ဗြိတိသျှလက်အောက် တိုင်းရင်းသား မိခင်ဘာသာစကားကို နောက်တန်းသို့ တွန်းပို့ခံရပြီး စာတတ်မြောက်မှုရာခိုင်နှုန်းဟာ (၃၅)ရာခိုင်နှုန်းသာ ရှိတော့တယ်လို့ ၁၉၉၇ ခု၊ မြဝတီပုံနှိပ်တိုက်ထုတ် လူထုပညာရေးမော်ကွန်း ဥယျောဇဉ်မှာ ဖော်ပြထားပါတယ်။ စာမတတ်သူအများစုဟာ အမျိုးသမီးများ၊ ကျေးလက်နှင့် တောင်ပေါ်နေ ဒေသနေထိုင်သူများ ဖြစ်ကြပါတယ်။

လွတ်လပ်ပြီးစ ၁၉၄၈ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေ (၁၇)သန်းရှိရာ (၆၅)ရာခိုင်နှုန်းသော စာရေးစာဖတ်မတတ်မြောက်မှုကို လွတ်လပ်ရေးရရှိသည်နှင့် တစ်ပြိုင်တည်း စတင်ကိုင်တွယ်ဖြေရှင်းခဲ့ရပါတယ်။ ၁၉၄၈ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ လူထုပညာရေးအက်ဥပဒေကို အတည်ပြုခဲ့ပြီး၊ ၁၉၄၉ ခုနှစ်၊ မတ်လမှစ၍ လူထုပညာရေးကောင်စီက လူထုပညာရေး သင်တန်းများစတင် ဖွင့်လှစ်ခဲ့ရာ ၁၉၅၂ ခုနှစ်မှာ ချမှတ်အတည်ပြုခဲ့တဲ့ ဘဝသစ်ဖန်တီးမှုပညာရေးစီမံကိန်းအရ အစိုးရကျောင်းများကို နှစ်စဉ်အလိုက် တိုးချဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေရေး၊ ကျောင်းနေအရွယ်လွန် လူငယ်၊ လူရွယ်၊ လူကြီးများအားလုံး၊ "အ"သုံးလုံးကျေ စာတတ်မြောက်စေရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ရာ ၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ (၁၆)နှစ်တာ ကာလအတွင်း စာတတ်မြောက်မှု (၃၅)ရာခိုင်နှုန်းမှ (၅၇)ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့တယ်လို့ ၁၉၆၃ ခုနှစ်၊ ဗဟို စာရင်းအင်းအရ သိရှိရပါတယ်။ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာ ၈ ရက်နေ့၊ ၁၉၈၃ ခုနှစ်၊ စက်တင်ဘာ ၈ ရက်နေ့ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့များမှာ ယူနက်စကိုအဖွဲ့ချုပ်က မိုဟာမက်ရေစာပါလီဆု၊ နိုမာဆု တို့ကို မြန်မာနိုင်ငံ စာတတ်မြောက်ရေးနေ့ ဆုအဖြစ် ချီးမြှင့်ခဲ့ပါတယ်။

၁၉၈၃ ခုနှစ်၊ သန်းခေါင်စာရင်းအရ စာတတ်မြောက်သူ(၇၈.၆)ရာခိုင်နှုန်း တိုးတက်လာပြီး မန္တလေး၊ ရန်ကုန်၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းလုံးကျွတ် စာတတ်မြောက်ပြီး တိုင်းရင်းသားမျိုးနွယ်စုထဲမှ မွန်ပြည်နယ်ဟာ ပြည်နယ်လုံးကျွတ် စာတတ်မြောက်ပြီလို့ ဆိုပါတယ်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း အရ စာတတ်မြောက်မှု (၈၉.၅)ရာခိုင်နှုန်းဟု သိရှိရပါသည်။ ယခုအခါ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ(၂၁)ရာစုပင်လုံပထမအကြိမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အချင်းချင်းယုံကြည်ချစ်ကြည် ရင်းနှီးမှု ပိုမိုရရှိခြင်း အကျိုးဆက်အဖြစ် တိုင်းရင်းသားမျိုးနွယ်စုများ စာမတတ်သူ ပပျောက်ရေးကို ရှေးရှုဦးတည် ပြုလုပ်လာနိုင်ပြီလို့ ယုံကြည်ပါသည်။

အဆို ဒုတိယပိုင်းဖြစ်တဲ့ တိုင်းရင်းသားမျိုးနွယ်စုများ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေး အနေနဲ့ ယခုအခါမှာ နိုင်ငံအဝန်း အဆင့်မြင့်ပညာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ အာလုံးစုစုပေါင်း (၁၆၃)ခု ရှိပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားဒေသအသီးသီးမှာလည်းပဲ လက်လှမ်းမီရာ အဆင့်မြင့် တက္ကသိုလ်၊ ကောလိပ်များ ရှိပြီဖြစ်၍ သင်ယူသင်ကြားနိုင်ရေးဟာ အခက်အခဲမရှိ တည်ရှိနေပြီဖြစ်ပါ တယ်။ အဆို တတိယပိုင်းဖြစ်သော တိုင်းရင်းသားစာပေများ ထွန်းကားရေးနဲ့ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ မှာလည်း တိုင်းရင်းသားတို့၏ စာပေ၊ စကား၊ အနုပညာ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မယ်လို့ အတိအလင်း ဖော်ပြထားပြီး ဖြစ်ပါတယ်။ ကိုယ့်လူမျိုးရဲ့ စာပေကိုထိန်းသိမ်းမြှင့်တင်ရာမှာ မှန်ပေမယ်လို့ သူတစ်ခုတည်းလေ့လာ လိုက်စားမယ်ဆိုရင် ကျင်းတူးပြီး ဝင်ထိုင်နေတာမျိုး ဖြစ်ပါလိမ့်မယ်လို့ အဆိုရှင်က ပြောပါတယ်။ ကိုယ့်တိုင်းရင်းသား စာပေစကား၊ အခြေခံအသုံးပြု၍ ကျောင်းနေပျော် စာတော်ကာ နိုင်ငံတော် ရုံးသုံးစာပေ၊ ကမ္ဘာသုံး စာပေများပါ သင်ယူဖတ်ရှုလေ့လာပြီး စာထဲကနေ ဘဝသင်ခန်းစာ ထုတ်ယူတတ်ရမယ်။ ဘဝအသိကို ရမယ်။ စာအုပ်ကို ကျော်လွန်ပြီး လောကအမြင်ကို ရှာဖွေတတ်ရမယ်။ အသိဉာဏ်ရင့်သန်ပြီး တိုင်းရင်းသား အချင်းချင်းကြားမှာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဒီမိုကရေစီစနစ်ကို မြတ်နိုးတဲ့စိတ်တို့နဲ့ စည်းလုံး ညီညွတ်နေမှသာ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေး၊ ချစ်ကြည်ပျော်ရွှင်ရေး၊ ထာဝရတည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်။

ဒါကြောင့် လူသားတို့ရဲ့ ရင်ဆိုင်နေရတဲ့ ပြဿနာအရပ်ရပ်အတွက် အဓိက သော့ချက်သည် အသိဉာဏ်ပညာဖြစ်ပြီး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား မျိုးနွယ်စုများအားလုံး တောချုံတောင်ကြား ညီနောင်ဖွားများပါမကျန် ပညာသင်မှု အခွင့်အလမ်းများ တန်းတူညီတူရရှိပြီး တိုင်းရင်းသားစာပေထွန်းကားကာ တိုင်းရင်းသားမျိုးနွယ်စုများ စာမတတ်သူ ပပျောက်ပြီး အဆင့်မြင့် ပညာများ သင်ကြားနိုင်ရေးတို့ကို စဥ်ဆက်မပြတ် အားပေးမြှင့်တင်ရန်အဆိုအား ပညာရေးရှုထောင့်မှ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ ရိုသေထိုက်လှပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ

မင်္ဂလာပါလို့ ကျွန်မနှုတ်ခွန်းဆက်သရင်း ဒီနေရာကနေပြီး ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်လွီးဇာ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်အောင်မြင့် တင်သွင်းသောအဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများကို ကြည့်မယ်ဆိုလို့ ရှိရင် တိုင်းရင်းသားမျိုးနွယ်စုတွေဟာ စာမတတ်သူ၊ အဆင့်မြင့်ပညာ မသင်ကြားနိုင်သူဦးရေ ပိုမိုများပြား နေတာကို တွေ့ရမှာပဲ ဖြစ်ပါတယ်ရှင်။ အဲဒီလို ဖြစ်ရတဲ့ အကြောင်းအရင်းဟာ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု နိမ့်ကျခြင်း တို့ကြောင့်ပဲ ဖြစ်ပါ တယ်ရှင်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု သည် ပညာရေးဟာ အလွန်အရေးပါလှကြောင်းကိုလည်း အားလုံးက သိရှိပြီး ဖြစ်ပါလိမ့်မယ်။ လူနည်းစု ဖြစ်သော လူမျိုးစုတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုပါပဲ။ အဲဒါကြောင့် အဘက်ဘက်မှ ဖွံ့ဖြိုးမှုနိမ့်ကျနေသော တိုင်းရင်းသားမျိုးနွယ်စုဘဝကို မြှင့်တင်ပေးရန်အတွက် စာမတတ်သူပပျောက်ရေးနှင့် အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးတို့ကို ဦးစားပေးအဆင့်တွင် ထည့်သွင်း စဉ်းစားသင့်ပါကြောင်း အကြံပေးလိုပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဆက်လက်ပြီး တိုင်းရင်းသားစာပေထွန်းကားရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်ရှင်။ စာပေမြင့်လျှင် လူမျိုးတင့်မည်။ စာပေပျောက်လျှင် လူမျိုးပျောက်မည် ဟု ဆိုရိုးစကားရှိပါတယ်ရှင်။ တိုင်းရင်းသားလူမျိုးများအားလုံးဟာ ကမ္ဘာတည်သရွေ့ မိမိတို့ရဲ့ လူမျိုးတည်ရှိ နေရမယ်ဆိုတာကို ခံယူလျက် ရှိကြမှာပါ။ လူမျိုးမပျောက်အောင် မိမိတို့ချစ်မြတ်နိုးသော စာပေထွန်းကား ပြန့်ပွားရေးဟာလည်းပဲ တိုင်းရင်းသားမျိုးနွယ်စုတို့ရဲ့ တာဝန်ပဲ ဖြစ်ပါတယ်ရှင်။ သို့ရာတွင် စာပေပြန့်ပွား ထွန်းကာရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ ငွေကြေးသည် မရှိမဖြစ်လိုအပ်လာတဲ့အတွက် လိုအပ်လျက် ရှိသော ငွေကြေးများကို ပြည်ထောင်စုအစိုးရအနေဖြင့် ထောက်ပံ့ပေးသင့်ကြောင်း တင်ပြလိုပါတယ်ရှင်။ အမှန်တကယ် တိုင်းရင်းသားစာပေကို မြှင့်တင်လိုတယ်၊ ထွန်းကားပြန့်ပွားလိုတယ်ဆိုရင်တော့ အခြေခံပညာ မူလတန်းအဆင့်မှာ မသင်မနေရ ဘာသာရပ်တစ်ခုအနေဖြင့် သင်ရိုးညွှန်းတမ်းတွေ ထည့်သွင်းရေးဆွဲ ထားသင့်ကြောင်းနှင့် ဥပဒေများ ပြဋ္ဌာန်းပေးသင့်ကြောင်း အကြံပေးလိုပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တိုင်းရင်းသားစာပေနှင့်ပတ်သက်ပြီး ကျွန်မတို့ ကယားပြည်နယ်အတွင်း ကယားစာပေနှင့် ယှဉ်တွဲပြီး ဆောင်ရွက်ချက်များ၊ အခက်အခဲများကို တင်ပြလို ပါတယ်ရှင်။ ကျွန်မတို့ ကယားစာပေဟာ ခေတ်အဆက်ဆက်က စာပေပြန့်ပွားရေးအတွက် ကြိုးစားလာကြ သော်လည်း အားရကျေနပ်မှု မရရှိသေးပါ။ ကယားစာပေကို ကျောင်းအတွင်း၊ ကျောင်းပြင်ပ စာပေသင်ကြား နိုင်ရန် အားတက်သရော ဆောင်ရွက်ကြသော်လည်း ငွေရေးကြေးရေး အခက်အခဲနှင့် ကြုံတွေ့နေရ ပါတယ်ရှင်။ ဆရာ၊ ဆရာမများကို သင်ကြားပို့ချခြင်း၊ ဆရာ၊ ဆရာမများမှတစ်ဆင့် ပြည်သူများသို့ တစ်ဆင့် စာပေနှင့်ပတ်သက်ပြီး ဆင့်ပွားဝေငှဖို့ရာ အခက်အခဲရှိနေတာကို တွေ့ရပါတယ်ရှင်။ အကယ်၍ စာပေ သင်ကြားမယ့် ဆရာ၊ ဆရာမများကို ပညာရေးဝန်ထမ်းကဲ့သို့ လစာပံ့ပိုးသင့်ကြောင်းကိုလည်း တင်ပြလို ပါတယ်ရှင်။ တိုင်းရင်းသား မျိုးနွယ်စုနဲ့ ပတ်သက်၍ တန်းတူအခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ကွာဟမှု ကျဉ်းမြောင်းသွားအောင် ဆောင်ရွက်တဲ့နေရာမှာ ဥပဒေပြဋ္ဌာန်းပေးရုံနဲ့ မလုံလောက်နိုင်သည်ဟု ထင်မြင်မိ

ပါတယ်။ အဲဒါကြောင့် လက်တွေ့ အကောင်အထည်ဖော်မှုမှ လက်တွေ့ကျသော ကူညီပံ့ပိုးမှုကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း ထပ်လောင်း အကြံပေးလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ နိဂုံးချုပ်တင်ပြလိုတာကတော့ မြန်မာပြည်တစ်ဝန်းလုံး တိုင်းရင်းသားစုစည်းရာမြေမှာ ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေဟာ သွေးစည်းညီညွတ် ချစ်ခင်စွာနေပြီး အေးအတူပူအမျှ အတူတကွ ခံစား၊ စံစားကြမယ်ဆိုတဲ့ စိတ်ထားနဲ့ လမင်းသာနေပေမယ့် ကျွန်မတို့ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ဘဝဟာ အမှောင်ထဲမှာပဲ ရှိနေသေးတယ်ဆိုတဲ့စိတ် စွဲလမ်းမှုကို စွန့်လွှတ်နိုင်ဖို့အတွက် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်မြင့် တင်သွင်းသော တိုင်းရင်းသား မျိုးနွယ်စုများ စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်း ချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက်အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၉။**

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးအမှူးပြု၍ ကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်နယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်နိုင်က မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်အောင်မြင့်ရဲ့ အဆိုကို လိုအပ်သလို ဝေဖန်ထောက်ပြပြီးတဲ့နောက် ပြည်ထောင်စုအစိုးရအနေနဲ့ လိုအပ်သလို ဆောင်ရွက်နိုင်ရန် အကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်မှာ ဝေဖန်စရာ၊ ပြင်ဆင်တည့်မတ်နိုင်ဖို့ လိုအပ်ချက်၊ အားနည်းချက်အချို့ တွေ့ရှိရပါတယ်။ အဆိုရှင်က မြေပြန့်ဒေသမှာနေထိုင်တဲ့ တိုင်းရင်းသားတွေဟာ ပညာရေး၊ ကျန်းမာရေး အခွင့်အလမ်းတွေရကြပါတယ်။ သို့သော်လည်း တောင်ပေါ်ဒေသမှာ နေထိုင်တဲ့ တိုင်းရင်းသားတွေဟာ အခွင့်အလမ်းနည်းပါးနေပါတယ်လို့ဆိုပါတယ်။ ဒီတင်ပြချက်ဟာဖြင့် မြေပြန့်ဒေသမှာနေပြီးတော့ အခွင့်အလမ်းနည်းပါးလှတဲ့ တိုင်းရင်းသားပြည်သူတွေအတွက် အလွန်ပဲ ကြေကွဲဝမ်းနည်းအားငယ်စဖွယ် ဖြစ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ပေါ်ဒေသက တိုင်းရင်းသားတွေအတွက်လည်း မြေပြန့်သားတွေသာလျှင် အခွင့်အရေးတွေရနေတယ်လို့ အထင်မှား၊ အမြင်မှားနဲ့ စိတ်ဝမ်းကွဲပြားမှုကို ဖြစ်ပေါ်စေနိုင်ပါတယ်။ စံနမူနာပြအနေနဲ့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်နယ်မြေမှာ ပါဝင်တဲ့ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်မှ ရွာငယ်အချို့ကို နမူနာတင်ပြလိုပါတယ်။ ပြည်လမ်းရဲ့အနောက်ဘက်ခြမ်း ဧရာဝတီ နဲ့ လှိုင်မြစ်ကြားက အဖျောက်၊ ဥက္ကံပတ်ဝန်းကျင်က ရေဘေးဒုက္ခကိုတော့ လူသိများလှပါတယ်။ ဒါပေမဲ့ ပြည်လမ်းရဲ့ အရှေ့ဘက်ခြမ်း ရိုးမတောင်ခြေက ဖွံ့ဖြိုးမှုအားနည်းလှတဲ့ ရွာငယ်လေးတွေကို လူသိနည်းလှပါတယ်။

အဲဒီရွာလေးတွေကို ကျွန်တော်တို့ဟာ လှေတစ်တန်၊ ရွံ့ဗွက်လမ်း တစ်တန်၊ တောလမ်း ခရီးတွေနဲ့ သွားမှ ရောက်ရပါတယ်။ အဲဒီ ဟိုတစ်စု၊ ဒီတစ်စု ရှိနေတဲ့ ရွာလေးတွေမှာ ကျွန်တော်တို့ ဟောလို့ ပြောလို့ကောင်းတုန်း နေ့လယ် (၂)နာရီလောက်ကျတော့ ရွာလူကြီးက ဆရာကြီးတို့ အခုပြန်မှဖြစ်မယ်။ ကျွန်တော်တို့ ရွာတွေက ညနေ(၃)နာရီကျော်ရင် ရွာအပြင် ထွက်လို့မရတော့ဘူးတဲ့။ ဘာဖြစ်လို့တုန်း ဆိုတော့ တောဆင်ရိုင်းတွေလည်း ရှိတယ်။ တောရိပ်တောင်ရိပ်နဲ့ တောလမ်းက အလင်းရောင် ပျောက်သွားပြီ။ ဆိုတော့ ဒီရွာက ကလေးတွေ ဘယ်လိုကျောင်းတက်ကြမလဲ။ ဆရာ၊ ဆရာမလေးတွေ ဘယ်လိုလာကြမလဲ။ ဒီရွာလေးတွေမှာ ဗမာ၊ ကရင်၊ ရခိုင်၊ မွန် တိုင်းရင်းသားတွေ နေထိုင်ကြပါတယ်။ စာမတတ်သူ လူငယ်၊ လူကြီးတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ရဲ့ သွေးချင်းသားချင်း တိုင်းရင်းသားတွေ ဖြစ်ပါတယ်။ တောင်ပေါ်မြေပြန့်ခွဲခြားလို့ လုံးဝမဖြစ်ပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ကိုယ်စားလှယ်ကြီးရဲ့ စာမတတ်သူ ပပျောက်ရေးကတော့ ကျွန်တော်တို့ ကျောင်းသားငယ်ဘဝက တောင်ပေါ်ဒေသ၊ မြေပြန့်ဒေသ၊ နောက် ချောင်းငယ်၊ မြောင်းငယ်ကြားက ရွာငယ်လေးတွေသာမက၊ ပင်လယ်ကမ်းခြေ တံငါရွာလေးတွေအထိ အနယ်နယ် အရပ်ရပ်က ရွာငယ်လေးတွေမှာ “အ”သုံးလုံးကျေ လုပ်အားပေးကျောင်းသားအဖြစ် အသက် (၁၆)နှစ် (၁၇)နှစ်အရွယ်က ဆောင်ရွက်ခဲ့ကြတာကို ယနေ့ အသက် (၆၀)ကျော် (၇၀)နီးပါး ယနေ့အထိ မေ့မရတဲ့ အတိတ်သမိုင်းကြောင်းအဖြစ် ကျန်ရှိနေဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဘွဲ့ရပြီး ဆရာငယ်ဘဝ အထိ ရန်ကုန်မြို့ပေါ်မှ ကိုယ်ပိုင်မြေတွေကို အသိမ်းခံရ၊ အိမ်ဖျက်ခံရပြီး ကျူးကျော်အဖြစ် စွပ်စွဲ သမုတ်ခံရတဲ့ ရန်ကုန်မြို့ရဲ့ အသိမ်ငယ်ဆုံး မြောက်ဥက္ကလာပမြို့နယ်မှာ ပလတ်စတစ်စက်ရုံ၊ တပ်မတော် အထည်ချုပ်စက်ရုံ၊ ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်းလို့ခေါ်တဲ့ ဆောက်လုပ်ရေးက လုပ်သားတွေကို စာတတ်မြောက်ရေး စာသင်ပေးခဲ့တာ ရာနှုန်းပြည့် အောင်မြင်ခဲ့ပါတယ်။ ကမ္ဘာက အသိအမှတ် ပြုခဲ့ပါတယ်။ ယနေ့ NGO ပရဟိတ အဖွဲ့အစည်းတွေ များပြားလာချိန်မှာ စနစ်တကျနဲ့ ကော်မတီ တစ်ရပ်ဖွဲ့စည်းပြီး တောင်ပေါ်မြေပြန့် မခွဲခြားဘဲနဲ့ တစ်ပြည်လုံးအနှံ့ နှစ်ရှည် စီမံကိန်း တစ်ရပ် ချမှတ်ပြီးမှ သေသေချာချာ အချိန်ယူ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ကိုယ်စားလှယ်ကြီးရဲ့ တိုက်တွန်းချက်မှာ ပါရှိတဲ့ အဆင့်မြင့် ပညာရပ်များ သင်ကြားနိုင်ရေးဆိုတဲ့အချက်ကို အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်မယ်ဆိုရင် အချက်(၃)ချက်ကို လိုအပ်ပါတယ်။ နံပါတ်(၁)အချက် လုပ်ဆောင်ချက်ဟောင်း၊ နည်းစနစ်ဟောင်း တွေကို ပြောင်းပစ်ရမယ်။ နံပါတ်(၂)အချက် အပေါ်ယံကောင်းပါတယ်လို့ ပြောပြောနေတဲ့ အပြောဟောင်း၊ အပြောကောင်းတွေကိုလည်း ပြောင်းရပါမယ်။ ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ ခေါက်ရိုးကျိုးလာတဲ့ အတွေးအမြင် သဘောထားခံယူချက် (Mind-set) များကိုလည်း အသစ်ပြင်ဆင် ပြီး ဆောင်ရွက်မှသာလျှင် အောင်မြင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်သာဓကတစ်ခုကို တင်ပြဆွေးနွေးပါမယ်။ အဲဒီ သာဓကက အမှန်အတိုင်းပြောရရင်တော့ အဆိုရှင် ကိုယ်စားလှယ်ကြီး ဦးခင်အောင်မြင့် ကိုယ်တိုင် သိပြီးသား အကြောင်းအရာတစ်ရပ်ပါ။ အဲဒါဘာလဲဆိုရင် လွန်ခဲ့သော(၁၀)နှစ်ကျော်ကတည်းက တောင်ပေါ်မြေပြန့် မခွဲခြားဘဲနဲ့ မြန်မာပြည်အနှံ့ ဝေးလံသီခေါင်တဲ့နေရာတွေမှာ ခေတ်မီ IT နည်းပညာတွေ သင်ကြားပေးနိုင်ဖို့၊ ကွန်ပျူတာတက္ကသိုလ်တွေ၊ နည်းပညာတက္ကသိုလ်တွေ တော်တော်များများ ဖွင့်လှစ်

ပြီးသား ဖြစ်ပါတယ်။ ဥပမာအားဖြင့် ပင်လုံမှာဆိုရင်လည်း သွားရောက်ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ရန်ကုန်မြို့ အပါအဝင် မြို့ကြီးတွေမှာတော့ အလွန်ထင်ရှားတဲ့အချက်ကတော့ ဝေးလံသီခေါင်ပြီး သွားလာရ ခက်ခဲတယ်ဆိုတဲ့ ဂုဏ်နဲ့ မပြည့်စုံ၊ ပြည့်စုံအောင်လို့ တက္ကသိုလ်၊ ကောလိပ်တွေကို မြို့ပြင် တစ်ဝေးတစ်လံမှာ ထားရှိခဲ့တာကို တွေ့ရမှာ ဖြစ်ရပါတယ်။ အခုအဆိုရှင် ကိုယ်စားလှယ်ကြီး ကိုယ်တိုင် အဲဒီအချိန်တုန်းက မြင့်မားတဲ့ ရာထူးတွေ၊ တာဝန်ထမ်းဆောင်ခဲ့ရုံတင်မကဘူး။ ဒီ ဦးခင်အောင်မြင့် ရဲ့ လက်အောက်မှာ ရှိတဲ့ ယဥ်ကျေးမှု တက္ကသိုလ်ပင်လျှင် မြို့ပြင်ရောက်နေခဲ့ပါတယ်။

အဲဒီတော့ ဒီတက္ကသိုလ်တွေရဲ့ဇာတ်လမ်းအစကို စကြည့်ကြမယ်ဆိုရင် အဲဒီတောင်ပေါ် ဒေသက တက္ကသိုလ်တစ်ခုမှာ စဖွင့်ဖွင့်ချင်း ကျောင်းသား (၅)ယောက်တိတိပဲ ရှိပါတယ်။ ဘာကြောင့်လဲ ကန့်သတ်ချက်တွေက အမျိုးမျိုးရှိတယ်။ ဟိုနယ်မြေဒေသ မကျော်ရ။ ဟိုဟာကမလာရဆိုတဲ့ ကန့်သတ်ချက် အမျိုးမျိုးရှိတယ်။ အဲဒါနဲ့ပဲ စီမံကိန်းအတိုင်း လုပ်လို့မဖြစ်နိုင်တဲ့အခါကြတော့ ဖြေလျှော့မှုမျိုးစုံလုပ်ပြီးတော့ အခုတော့ ကျောင်းသား (၅၀)လောက်ရှိနေပြီလို့ သိရပါတယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့ရဲ့ အဲဒီတုန်းက လုပ်ခဲ့တဲ့ စီမံကိန်းကြီးတွေ၊ တိုင်းပြည်အနှံ့ ကျွန်တော်တို့ တစ်ပြည်လုံးအနှံ့ အဆင့်မြင့်ပညာပြန့်ပွားရေး လုပ်ခဲ့တဲ့ ကွန်ပျူတာတက္ကသိုလ်တွေရဲ့ အောင်မြင်မှုကို ကြည့်ရအောင်။ (၁၀)နှစ်ကျော်ပါပြီ။ ပါရဂူဘွဲ့ရကြီးတွေ၊ ပညာရှင်တွေပေါ်ထွက်လာပါပြီ။

အဲဒီလုပ်ရပ်နဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့ရက်ပိုင်းလေးက ကျွန်တော်တို့ ရန်ကုန်မြို့မှာ တစ်ခုဖြစ်သွားပါတယ်။ ကျွန်တော်တို့ရဲ့ ပါရဂူပညာရှင်ပါမောက္ခကြီးတွေ ရှိနေရက်နဲ့ ရန်ကုန်မြို့မှာ ကျူးကျော်တွေကို စာရင်းယူဖို့အတွက် လက်ဗွေနဲ့ မျက်ကြည်လွှာ မှတ်တမ်းယူတဲ့ ကွန်ပျူတာ Software ချို့ယွင်းနေလို့ အစီအစဥ်ကို ပြန်းကနဲ ရပ်လိုက်ရတယ်။ ကျွန်တော် တော်တော် အံ့သြသွားတယ်။ Software ဆိုတာ စက်မဟုတ်ဘူး။ Software ဆိုတာ လူက ကွန်ပျူတာ နားလည်တဲ့ ကွန်ပျူတာ Language နဲ့ Formula ရေးပေးရတာ။ ကျွန်တော်တို့ ကလေးဘဝ၊ ကလေးဘဝတော့ မဟုတ်ဘူးပေါ့ဗျာ။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝမှာ မြန်မာပြည်ရဲ့ တစ်ခုတည်းသော Main Frame ကွန်ပျူတာကြီး၊ University Computer Center ရှိတဲ့ အချိန်တုန်းက ကျွန်တော်တို့က အဲဒီအချိန်ကတည်းက ကွန်ပျူတာ Language သင်ခဲ့ရပါတယ်။ Soft ware ဆိုတာ အဲဒီကတည်းက အစပျိုးခဲ့တာ။ ယနေ့ Software အရမ်းတိုးတက်တဲ့ ခေတ်မှာ မြန်မာပြည်မှာ ကွန်ပျူတာ တက္ကသိုလ်တွေ အများကြီး ဖွင့်နေတဲ့ အဆင့်မြင့်ပညာရှိရှိကြီးနဲ့ ဒီလိုမျိုး Software ဟာ ချို့ယွင်းသွားတယ်ဆိုတာတော့ အင်မတန်ကို အံ့အားသင့်ဖို့ ကောင်းပါတယ်။ ဆိုတော့ ဒီနေရာမှာ တစ်ချက် ဘာသွားတွေ့ရလဲဆိုရင် အစတုန်းကလည်းပဲ ဒီစီမံကိန်းဟာ ရှိပြီးသား၊ အခုအဆိုရှင် ဦးခင်အောင်မြင့် တင်ပြတဲ့အကြောင်း အရင်းက သူတို့တာဝန်ရှိတုန်းက လုပ်ခဲ့ရသော လုပ်ဆောင်ချက်များသည် ဒီစီမံကိန်းများကနေ လုပ်ဆောင်မယ့် စီမံချက်အလွဲတွေကြောင့် အားနည်းချက်တွေရှိနေတဲ့အတွက် ကျွန်တော်တို့ရဲ့ အစိုးရ လက်ထက်ကျမှ အားကိုးတကြီးနဲ့ တင်ပြတောင်းဆိုနေတာ တွေ့ရတဲ့အတွက် အထူးပဲ ကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။

အဲဒီအခါကျတော့ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာဆိုရင် နဂိုတုန်းက လုပ်ဆောင်ခဲ့တဲ့ ကျွန်တော် ပြောတဲ့အချက်(၃)ချက်၊ လုပ်ဆောင်ချက် အဟောင်းများကိုလည်း ပြင်ဆင်ရပါမယ်။ အပြောကောင်းကောင်းနဲ့ လုပ်တယ်၊ တစ်ပြည်လုံးတော့ ဒီလို ဒီလိုတွေ လုပ်နေပါပြီ။ ကွန်ပျူတာ တက္ကသိုလ်တွေ

ဖွင့်နေပြီ။ အဆင့်မြင့် IT နည်းပညာတွေ ပြန့်ပွားနေပြီဆိုတော့ သတင်းစာထဲမှာ၊ မီဒီယာထဲမှာ ကြော်ငြာတဲ့ကိစ္စကိုလည်း ရှောင်ရှားရပါမယ်။ ထို့နည်းတူစွာပင် လုပ်ဆောင်တဲ့ တာဝန်ရှိသူ အဆင့်ဆင့် တာဝန်အကြီးမားဆုံးလူက အဆင့်ဆင့်ကစပြီးတော့ ကျွန်တော်တို့ အခုအဆိုရှင် ဦးခင်အောင်မြင့် လိုပဲ ကျွန်တော်တို့ရဲ့ အင်မတန် ကျေးဇူးတင်အပ်သော ပုဂ္ဂိုလ်ကြီးလိုပဲ ကျွန်တော်တို့ဟာ သူအတိုင်းပဲ မှားတာကို မှန်မှန်သိသိနဲ့ လုပ်ပေးနိုင်တဲ့သူကို တိတိကျကျ၊ စနစ်တကျ လုပ်ဆောင်ပေးကြဖို့ တိုက်တွန်းရင်း ကျွန်တော့်အဆိုကို နိဂုံးချုပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၇။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်အောင်မြင့်၏ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့် ပညာသင်ကြားနိုင်ရေးနဲ့ တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အပြုသဘောနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြချက်အတိုင်း ဒီအဆိုဟာ ပညာရေး ကဏ္ဍအတွက် သက်သက်မဟုတ်ဘဲ အမျိုးသားနိုင်ငံရေးနဲ့ တိုက်ရိုက်ဆက်နွှယ်ပြီး ပြည်တွင်း ငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ထာဝရခိုင်မြဲစေရေး တို့အတွက် အင်မတန်မှ အရေးကြီးလှပါတယ်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသော တိုင်းရင်းသား မျိုးနွယ်စုများ နေထိုင်ရာဒေသ များတွင် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနဲ့ ပြည်သူလူထုတစ်ရပ်လုံး အေးချမ်း သာယာရေးတို့အတွက် နိုင်ငံတော်အနေဖြင့် အထူးစီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ပေးဖို့ လိုအပ်နေပါပြီ။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးအဆင့် မြင့်မားမှုသည် အဓိက အကြောင်းအရင်းဖြစ်ပါတယ်။ ပညာရေးကဏ္ဍတိုးတက်မှ ဆင်းရဲနွမ်းပါးမှုလည်း လျှော့ချနိုင်မှာ ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဒီတိုက်တွန်းချက် အဆိုကို ကြည့်မယ်ဆိုလို့ရှိရင် အပိုင်း(၃)ပိုင်း ပါဝင်နေတာကို တွေ့ရပါတယ်။ ကျွန်တော် အပိုင်းလိုက် အကျဉ်းချုံးပြီးတော့မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ တိုင်းရင်းသားမျိုးနွယ်စုများ စာမတတ်သူ ပပျောက်ရေးဆိုတဲ့နေရာမှာ ပြည်မနဲ့ တောင်တန်းဒေသများ၌ စာတတ်မြောက်မှု ပျမ်းမျှ ရာခိုင်နှုန်းများစွာ ကွာခြားနေသည်ကို ၂၀၁၄ခုနှစ်၊ သန်းခေါင်စာရင်းအရ သိရှိရပါတယ်။ မြန်မာနိုင်ငံ

ပျမ်းမျှ စာတတ်မြောက်မှုရာခိုင်နှုန်းက (၈၉.၅)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဒီထဲမှာ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာတတ်မြောက်မှု ရာခိုင်နှုန်းကို ဖော်ပြမယ်ဆိုလို့ရှိရင် Power Point မှာပြထားတဲ့ အတိုင်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး အားလုံးတွင် တစ်နိုင်ငံလုံးပျမ်းမျှ စာတတ်မြောက်မှု ရာခိုင်နှုန်း (၈၉.၅)ရာခိုင်နှုန်း ထက်ကျော်လွန်နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို ကျွန်တော် အစိမ်းရောင်နဲ့ ခြယ်ထားတာ ဖြစ်ပါတယ်။ ပြည်နယ်များတွင် ကချင်ပြည်နယ်မှအပ ကျန်ပြည်နယ် အားလုံးသည် တစ်နိုင်ငံလုံး စာတတ်မြောက်မှုရာခိုင်နှုန်း (၈၉.၅)ရာခိုင်နှုန်းအောက် ရောက်ရှိနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကျန်တဲ့ပြည်နယ် (၆)ခုကိုတော့ အနီရောင်နဲ့ ပြထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလိုစာတတ်မြောက်မှု ကွာခြားချက်ရှိနေတာကြောင့် ဝေးလံသီခေါင်သော တောင်ပေါ်ဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးနွယ်စုများအတွက် အလုပ်အကိုင်အခွင့်အလမ်း များလည်း နည်းပါးသွားမည် ဖြစ်ပါကြောင်း လေ့လာသိရှိရပါတယ်။ အရင် ခေတ်အဆက်ဆက်အစိုးရ လက်ထက်က လမ်းပန်းဆက်သွယ်ရေးခက်ခဲလို့ ဒါမှမဟုတ်လို့ရှိရင်လည်း လူဦးရေးနည်းပါးလို့ဆိုပြီးမှ အကြောင်းအမျိုးမျိုး ပြခဲ့သော်လည်း ယခုလိုနည်းပညာ မြင့်မားလာတဲ့ခေတ်မှာ ဒါကို ကျော်လွှားနိုင်ဖို့ နည်းလမ်းကောင်းတွေ ရှာကြံဖို့လိုအပ်ပြီဟု တင်ပြချင်ပါတယ်။

အဆိုရှင်ပြောကြားသလို ကျွန်တော့်မဲဆန္ဒနယ်ဖြစ်သော ချင်းပြည်နယ် ရေဇွာမြို့က အထက်တန်းကျောင်းဟာ ဆိုလို့ရှိရင် ၁၉၂၂ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ချင်းပြည်နယ်တွင် သက်တမ်း အရင့်ဆုံး ကျောင်းများတွင် တစ်ခုအပါအဝင် ဖြစ်ပါတယ်။ သို့သော်လည်း ယနေ့တိုင်အဆိုပါကျောင်းဟာ ဆိုလို့ရှိရင် မြန်မာနိုင်ငံတွင် အောင်ချက်ရာခိုင်နှုန်း အနိမ့်ကျဆုံးကျောင်းတွင် ပါဝင်နေဆဲ ဖြစ်ပါတယ်။ အောင်ချက်ရာခိုင်နှုန်း နိမ့်ကျခြင်းရဲ့ အဖြေကိုဆန်းစစ်မယ်ဆိုလို့ရှိရင် အဲဒီကျောင်းဟာ ဝေးလံသီခေါင်တဲ့ နေရာမှာ တည်ရှိနေပြီးတော့ အရည်အချင်းရှိသော ဆရာ/ဆရာမများ လိုအပ်နေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဒီလိုပြဿနာမျိုးကို နိုင်ငံတော်အစိုးရအနေဖြင့် ဖြေရှင်းရမယ့်နည်းလမ်းရှာကြဖို့ လိုအပ်နေပြီဟု ယူဆရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ဒုတိယ ပုံမှန်အစည်းအဝေး ပဉ္စမနေ့၊ ၁၂-၈-၂၀၁၆ ရက်နေ့က ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အစီရင်ခံစာ သဘောထားမှတ်ချက် အမှတ်(၅)မှာ နိုင်ငံတော်အစိုးရ အနေဖြင့် အခြေခံပညာကျောင်းများ၊ ကျေးလက် ကျန်းမာရေးဌာနများ တိုးချဲ့တည်ဆောက်မှုနှင့် စပ်လျဉ်း၍ အသုံးစရိတ်များကို မြေပြန့်၊ တောင်ပေါ်ဒေသ ခွဲခြားမှု မရှိစေဘဲ ပြည်ထောင်စုတစ်ခုလုံး တစ်ပြေးညီ ဘတ်ဂျက် ခွင့်ပြုခြင်း၊ အဲဒီအစား ဒေသအလိုက် ပကတိ ဖြစ်ပေါ်နေသော အခြေအနေများနဲ့ ကိုက်ညီသော အသုံးစရိတ် ဖြစ်စေရေးအတွက် ပြောင်းလဲ ဆောင်ရွက်သွားသင့်ပါတယ်ဟု ပြင်ဆင်ဖော်ပြထားတာ အင်မတန်မှ လျော်ကန်သင့်မြတ်ပါတယ်။ တစ်နိုင်ငံလုံး တစ်ပြေးညီ တိုးတက်ဖို့၊ တိုးတက်နိုင်ဖို့ ဆိုလို့ရှိရင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသ အတွက် အစိုးရအနေဖြင့် လေးလေးနက်နက် စဉ်းစားသင့်ပါကြောင်း တိုက်တွန်းလိုပါတယ်။

ဒုတိယအချက်အနေဖြင့် အဆင့်မြင့်ပညာသင်ကြားနိုင်ရေး အပိုင်းကို ဆွေးနွေးချင်ပါတယ်။ မြန်မာနိုင်ငံ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပညာရေးအသုံးစရိတ်ဟာ ဆိုလို့ရှိရင် GDP ၏ (၁.၈) ရာခိုင်နှုန်းရှိပြီး ဒေသတွင်း အာဆီယံနိုင်ငံများ၏ နောက်ဆုံး အချက်အလက်များနဲ့ နှိုင်းယှဉ်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံပညာရေးဟာ ဆိုလို့ရှိရင် အသုံးစရိတ် အင်မတန်မှနည်းနေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့်

မြန်မာနိုင်ငံ အဆင့်မြင့်ပညာတိုးတက်ဖို့ အင်မတန်ခဲယဥ်းလှသည်ကို တွေ့ရမှာဖြစ်ပါတယ်။ ပညာသင်ကြားရာတွင် အခြေခံပညာအထိသာ သင်ကြားခဲ့မယ်ဆိုလို့ရှိရင် အလုပ်အကိုင် အခွင့်အလမ်း အာမခံချက်မရရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ဝေးလံသီခေါင်သော ဒေသရှိတိုင်းရင်းသား လူမျိုးနွယ်စုများ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မဟာဗျူဟာ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ပေးဖို့ လိုအပ်နေပြီ ဖြစ်ပါကြောင်း အကြံပြု တိုက်တွန်းချင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေနဲ့ တိုင်းရင်းသား စာပေသင်ကြားရေးအပိုင်းကို ဆွေးနွေးချင်ပါတယ်။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၂၂ မှာ နိုင်ငံတော်သည် အပိုဒ်(က)မှာ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ ယဥ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမယ်။ အပိုဒ်(ဂ)မှာ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် တို့ပါဝင်သော လူမှုဖွံ့ဖြိုး တိုးတက်ရေးအတွက် ကူညီဆောင်ရွက်ရမည်ဟု ဖော်ပြထားပါတယ်။ ယခင်က သင်ကြားခွင့်မရခဲ့သော တိုင်းရင်းသားစာပေများကို ခေတ်တဖြည်းဖြည်း ပြောင်းလဲလာသည်နှင့်အညီ နိုင်ငံတော်က ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ စတင်ကာ ကျောင်းချိန်ပြင်ပတွင် တိုင်းရင်းသားစာပေများကို စတင်သင်ကြားဖို့ အကောင်အထည်ဖော်လာတာကို တွေ့ရပါတယ်။ ဒီလိုတိုင်းရင်းသားစာပေသင်ကြားခွင့် ပေးလာသည်ကို ကြိုဆိုရမည်ဖြစ်သော်လည်း တစ်ချိန်တည်းမှာ ကျောင်းဆရာ/ဆရာမများနဲ့ ကျောင်းသား/ကျောင်းသူများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ရလေအောင် ကျောင်းချိန်ပြင်ပမဟုတ်ဘဲနဲ့ ကျောင်းစာသင်ချိန်၏ နောက်ဆုံးအချိန် (၄၅)မိနစ်တွင် ထည့်သွင်းပေးပါရန် တင်ပြချင်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးချင်တာကတော့ ရှေးလူကြီးတွေ အဆိုတစ်ခုရှိပါတယ်။ ခါးလောက်မှန်းမှ ဒူးလောက်တင်ဆိုတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ်မှ ဦးခင်အောင်မြင့် အဆိုဟာအစိုးရအနေဖြင့် အကောင်အထည်ဖော်ရန် အင်မတန်မှ ကြီးလေးကျယ်ပြန့်သော တာဝန်ဖြစ်သော်လည်း မဖြစ်မနေ ရာနှုန်းပြည့် အကောင်အထည်ဖော်ပေးရမည်ဟု အစိုးရကို ဖိအားပေးခြင်းမျိုးမဟုတ်ဘဲနှင့် အစိုးရအနေဖြင့် တိုင်းရင်းသားအချင်းချင်းကြားမှာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဒီမိုကရေစီကို ပိုမိုမြတ်နိုးစိတ်ရှိလာစေပြီး ထာဝစဥ်စည်းလုံးညီညွတ်သော ဖက်ဒရယ် ပြည်ထောင်စုစနစ်သို့ တည်ဆောက် အကောင်အထည်ဖော်နိုင်အောင် အထူးစီမံကိန်းတစ်ရပ် အနေဖြင့် ဆောင်ရွက်ဖို့ အချိန်တန်နေပြီဖြစ်ပါကြောင်း အကြံပြု ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၆။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကိုယ်စိတ်ရွှင်လန်း အေးချမ်းကြပါစေလို့ နှုတ်ခွန်း

ဆက်သင်္ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်အောင်မြင့်ရဲ့ အဆိုကို အကြံပြု တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင် ဦးခင်အောင်မြင့် က တိုင်းရင်းသား မျိုးနွယ်စုအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးနဲ့ တိုင်းရင်းသား စာပေထွန်းကားရေး တို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ အဆိုရှင် တင်သွင်းတဲ့ အချက်များဟာ ပညာရေးနဲ့ နှီးနွှယ် ဆက်စပ်နေသော်ငြားလည်း ပညာရေးကဏ္ဍအတွက်ထက် အမျိုးသားနိုင်ငံရေးဆိုင်ရာအဆို၊ ပြည်တွင်း ငြိမ်းချမ်းရေး ထာဝရခိုင်မြဲရေးဆိုင်ရာ အဆိုအဖြစ် တင်သွင်းခဲ့ခြင်း ဖြစ်တယ်လို့ ပြောကြားခဲ့ ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒ့ါအပြင် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ ဝတ်စားဆင်ယဉ်မှုနဲ့ ဘာသာစကားကွဲပြားမှုပေါ်မှာ မူတည်ပြီးလူမျိုး၊ မျိုးနွယ်စု ကွဲပြားကာ လူမျိုးပေါင်းတစ်ရာကျော်အထိ ရှိလာခဲ့ပါတယ်။ တိုင်းရင်းသား မျိုးနွယ်စုတွေများပြားပေမယ့် ပြည်ထောင်စုအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသား အားလုံးဟာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက်၊ မရှိအတူရှိအတူ ယှဉ်တွဲနေထိုင်ခဲ့ ကြပါတယ်။ အမိမြန်မာနိုင်ငံတော်ကြီးကို မြန်မာ တိုင်းရင်းသားအားလုံးတို့က အသက်ထက်တန်ဖိုးထားပြီး သမိုင်းစဉ်ဆက်ထိန်းသိမ်း စောင့်ရှောက် ခဲ့ကြပါတယ်။ သမိုင်းတစ်လျှောက်ပြန်ကြည့်မယ်ဆိုရင် အေဒီ (၁၁)ရာစုမှာ ပထမမြန်မာနိုင်ငံတော်ဟာ ပုဂံကိုအခြေပြု၍လည်းကောင်း၊ အေဒီ(၁၆)ရာစုမှာ ဒုတိယမြန်မာနိုင်ငံတော်ဟာ ဟံသာဝတီကို အခြေပြု၍လည်းကောင်း၊ အေဒီ(၁၈)ရာစုမှာ တတိယမြန်မာနိုင်ငံတော်ဟာ ရွှေဘိုကို အခြေပြု၍ လည်းကောင်း အင်အားတောင့်တင်းခိုင်မာပြီး စည်ပင်ဝပြောတဲ့ နိုင်ငံတော်ကြီးအဖြစ် ပြည်ပနိုင်ငံများရဲ့ ခံ့ညားလေးစားမှုကို ရယူနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အေဒီ(၁၉)ရာစုအတွင်း ဗြိတိသျှနယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲပြီး မြန်မာနိုင်ငံကိုသိမ်းပိုက်ခဲ့သဖြင့် ကိုလိုနီနိုင်ငံအဖြစ် တိုင်းတစ်ပါး လက်အောက် ကျရောက်ခဲ့ရပါတယ်။ နယ်ချဲ့ရဲ့လက်အောက်မှာ သူ့ကျွန်ဘဝနှင့် နေခဲ့ရစဉ်က လွတ်လပ်ရေးရလိုတဲ့စိတ်ဟာ တိုင်းရင်းသားအားလုံးတို့ရဲ့ တူညီတဲ့စိတ်ပဲ ဖြစ်ပါတယ်။ ထို့အတူ လွတ်လပ်ရေးရရှိဖို့ တိုက်ပွဲဝင်ခဲ့တုန်းကလည်း တိုင်းရင်းသားအားလုံးရဲ့ စည်လုံးညီညွတ်မှု စွမ်းအားနဲ့ အတူတူလက်တွဲပြီးတော့ တိုက်ပွဲဝင်ခဲ့တာဟာဖြင့် ပင်လုံကျောက်တိုင်ကြီးက သက်သေထူပြီး ဖြစ်ပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက် ယခုအခါ တိုင်းနဲ့ပြည်နယ် (၁၄)ခုနဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကို ဖွဲ့စည်းတည်ထောင်အုပ်ချုပ်ခဲ့ပါတယ်။ ဒီနေရာမှာ ပြောချင်တာက တိုင်းရင်းသားအများစု နေထိုင်ကြတဲ့ ပြည်နယ်တွေဟာ ဖွံ့ဖြိုးမှု နောက်ကျတာကို တွေ့ရပါတယ်။ အဲဒီထဲက တချို့သောပြည်နယ်များဟာ လမ်းပန်းဆက်သွယ်ရေးမကောင်းလို့ ဖွံ့ဖြိုးမှု နည်းပါးတာကို တွေ့ကြရပါတယ်။ ဖွံ့ဖြိုးမှုနည်းပါးတဲ့ နေရာမှာ ပညာသင်ကြားသူ၊ စာသင်သူနည်းပါးပြီး စာမတတ်သူများပြားလာခြင်းက နိုင်ငံအတွက်ရော၊ ဒေသအတွက် ရော၊ လူမျိုးအတွက်ပါ ထိခိုက်မှုရှိလာခဲ့ပါတယ်။

ဒါကြောင့် ၁၉၇၀-၁၉၇၁ခုနှစ်၊ ပညာရေးဝန်ကြီး ဒေါက်တာညီညီ လက်ထက်မှာ တစ်နိုင်ငံလုံး စာမတတ်သူ ပပျောက်ရေးအတွက် "အ" သုံးလုံးစီမံကိန်းကို နိုင်ငံတော်က စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ သည်ပင်လျှင် တက္ကသိုလ် ကျောင်းသားဘဝနှင့် ဗိုလ်ချုပ်ရဲ့ နတ်မောက်မြို့နယ်နဲ့ ဒေးဒရဲ မြို့နယ်တို့မှာ "အ" သုံးလုံး လုပ်အားပေး ဆောင်ရွက်ခဲ့ပါတယ်။ "အ" သုံးလုံး စီမံကိန်းဟာ တကယ် အကျိုးရှိတယ်လို့ ပြောလို့ရပါတယ်။ သင်ကြားသူတွေဟာ အရေး၊ အဖတ်၊ အတွက်နဲ့အတူ သေစာ၊ ရှင်စာကို ဖတ်တတ်ကြပါတယ်။ ဒါ့ကြောင့် အဆိုရှင် ဦးခင်အောင်မြင့် ရဲ့ တိုင်းရင်းသား မျိုးနွယ်စုများ အတွက် စာမတတ်သူပပျောက်ရေးဟာ အလွန် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်တဲ့ အချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တိုင်းရင်းသား မျိုးနွယ်စုများ ပညာမသင်ကြားနိုင်တာဟာ (၁) စီးပွားရေးဖွံ့ဖြိုးမှု နိမ့်ကျခြင်း၊ (၂) နယ်မြေဒေသ မငြိမ်းချမ်းခြင်း၊ (၃) လူမှုဘဝ မလုံခြုံခြင်းစတဲ့ အကြောင်းအရာများကြောင့် ပညာမသင်ကြားနိုင်တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နဲ့အတူ တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ တစ်လှေတည်းစီး တစ်ခရီးတည်း အတူသွားနေကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ မျိုးနွယ်စုအားလုံး ဖွံ့ဖြိုးတိုးတက် စေရေးအတွက် "အ"သုံးလုံးစီမံကိန်းအသွင် သဏ္ဌာန်ဖြင့် စာမတတ်သူ ပပျောက်ရေးကို ပြည်ထောင်စုအစိုးရအဖွဲ့မှ စနစ်တကျ စီမံကိန်းချမှတ် ရေးဆွဲကာ မဖြစ်မနေ ဆောင်ရွက်ပေးသင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြတိုက်တွန်းအပ်ပါတယ်။

ဒုတိယအချက်အနေနဲ့ တိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့် အဆင့်မြင့်ပညာ သင်ကြားနိုင်ရေးပဲ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသား မျိုးနွယ်စုများ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့က စစ်ကိုင်းမြို့မှာ စတင်တည်ထောင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှာ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှာ ဖွံ့ဖြိုးရေးသိပ္ပံအဆင့်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အခိုင်အမာ တိုးမြှင့်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်မှ တိုင်းရင်းသားမျိုးနွယ်စု (၉၂)စုကို ကိုယ်စားပြုတဲ့ သင်တန်းသား၊ သင်တန်းသူ (၁၂၄၉၃)ဦးတို့ကို လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ တက္ကသိုလ်သင်တန်းဆင်းများဟာ ပညာရေးဝန်ထမ်းဆရာ၊ ဆရာမအဖြစ်လည်းကောင်း၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ နည်းပညာရှင်များ၊ သူနာပြုများ စသည့်အသိပညာရှင်၊ အတတ်ပညာရှင်များ အဖြစ်လည်းကောင်း၊ နိုင်ငံ့တာဝန်ကို ထမ်းဆောင်လျက်ရှိသည့်အပြင် ပထမအကြိမ်လွှတ်တော်တွင် တက္ကသိုလ်ဆင်း(၁၂)ဦးဟာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ်လည်းကောင်း၊ နောက်ထပ်(၁၂)ဦးဟာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ်လည်းကောင်း၊ နောက်ထပ်(၆)ဦးဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖြစ်လည်းကောင်း အဆင့်မြင့်နိုင်ငံရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ယခုလည်းပဲ ဒုတိယလွှတ်တော်မှာ တက္ကသိုလ်ဆင်း(၈)ဦးဟာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အဖြစ်လည်းကောင်း၊ နောက်ထပ်(၅)ဦးဟာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ်လည်းကောင်း၊ အဆင့်မြင့် နိုင်ငံရေးတာဝန်များကို ထမ်းဆောင်နေကြပြီ ဖြစ်ပါတယ်။ ယခုလို နိုင်ငံ့တာဝန်တွေကို

ထမ်းဆောင်နိုင်တာဟာ တိုင်းရင်းသား မျိုးနွယ်စုများ အဆင့်မြင့်ပညာများကို သင်ကြားပေးနိုင်တဲ့ အတွက်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီကရီကောလိပ်ကို လည်းပဲ ၁၂-၇-၂၀၀၀ ရက်နေ့က မန္တလေးမြို့မှာ စတင်ဖွင့်လှစ်ပြီး ၂၈-၄-၂၀၁၄ ရက်နေ့မှာ စစ်ကိုင်းမြို့နယ်၊ အုန်းတောကျေးရွာကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။ ယခုလက်ရှိ ကျောင်းသား (၇၉၁)ဦးတက်ရောက် ပညာသင်ကြားနေပါတယ်။ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ ဝိဇ္ဇာ၊ သိပ္ပံနဲ့ အင်ဂျင်နီယာကျောင်းသား (၁၁၄၂)ဦးကို မွေးထုတ်ပေးခဲ့ပြီး ဝန်ကြီးဌာန (၁၉)ခုအောက်မှာ တာဝန်များ ထမ်းဆောင်နေကြပြီဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည် ဒီကရီဖွံ့ဖြိုးရေးကောလိပ်ကို နယ်စပ်ဝန်ကြီးဌာန အောက်မှာထားရှိပြီး တိုင်းရင်းသားမျိုးနွယ်စုများ အဆင့်မြင့်ပညာ သင်ကြားနိုင်ရေး အတွက် နိုင်ငံတော်မှ တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ တိုင်းရင်းသား မျိုးနွယ်စုများကို ယခုထက်ပိုမိုခေါ်ယူပြီးတော့ အဆင့်မြင့်ပညာများ သင်ကြားပေးသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတိုက်တွန်း တင်ပြအပ်ပါတယ်။

တတိယအချက်အနေနဲ့ တိုင်းရင်းသား စာပေထွန်းကားရေးပဲ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ဒေသနဲ့ ပြည်နယ်ဒေသအသီးသီးမှာ ရှိကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေဟာ မိမိတို့လူမျိုး၊ မိမိတို့စာပေများ မပျောက်ပျက်အောင် အားလုံး ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်း ဆောင်ရွက် နေကြတာပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုအားလုံး လူမျိုးတူပြီး အပြောစကားကွဲပြားမှုကြောင့် မျိုးနွယ်စု ကွဲပြားမှုများ ရှိပါတယ်။ ဒါကြောင့် တိုင်းရင်းသားစာပေများသင်ကြားရာမှာ လူမျိုးအလိုက် မျိုးနွယ်စုများအားလုံး လက်ခံနိုင်မယ့် Common Language တစ်ခု ညှိနှိုင်းအတည်ပြု ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ စနစ်တကျစီမံကိန်းရေးဆွဲပြီး တိုင်းရင်းသားမျိုးနွယ်စုများ တိုင်းရင်းသားစာပေ သင်ကြားခွင့်ရရှိရေးကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက် ပေးသင့်ပါကြောင်း တိုက်တွန်းအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရရင် တိုင်းရင်းသားလူမျိုးပေါင်း စုံမှီတင်းနေထိုင်ကြတဲ့ ကျွန်တော်တို့နိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စုဆီ ချီတက်ဖို့ စိုင်းပြင်းနေကြပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသားမျိုးနွယ်စုများအပေါ် အလေးထားကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင် ပါတယ်။ ပုဒ်မ၂၂ မှာ နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီမည်။ (ခ) တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည် ဟူ၍ အတိအလင်းဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင် ဦးခင်အောင်မြင့် ရဲ့ အဆိုဟာ ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုထာဝရ ခိုင်မြဲရေး၊ လွတ်လပ်ရေး နဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အပြင် နှစ်ပေါင်း(၆၀)ကျော် တောက်လောင်

နေတဲ့ ပြည်တွင်းစစ်မီးကို အပြီးတိုင်ငြိမ်းစေမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ (၂၁)ရာစု ပင်လုံမှ ချမှတ်ဆောင်ရွက်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း အောင်မြင်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေပါကြောင်း တင်ပြတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၁း၁၇ နာရီအချိန်တွင် ရပ်နားပါသည်။]